သို့

နိုင်ငံတော်သမ္မတကြီး
နိုင်ငံတော်သမ္မတရုံး
နေပြည်တော်

ရက်စွဲ၊ ၂၅၊ ၁၀၊၂၀၁၆၊

**အကြောင်းအရာ။ ။ ဧရာဝတီမြစ်ဆုံ မြစ်ညာမြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းရပ်တန့် ရန် အင်ဂျန်းယန်မြို့နယ်တွင် နေထိုင်သော ဒေသခံပြည်သူများမှ တင်ပြတောင်းဆိုခြင်း။**

အထက်ပါအကြောင်းအရာနှင့်ပတ်သက်၍ အင်ဂျန်းယန်မြို့နယ်တွင် နေထိုင်သော ဒေသခံပြည်သူများ လူဦးရေ စုစုပေါင်း (၇၆) ဦး လက်မှတ်ရေးထိုး၍ နိုင်ငံတော် သမ္မတ ထံသို့ ကချင်ပြည်နယ်၊ ဧရာဝတီ မြစ်ဆုံမြစ်ညာ မြစ်ဝှမ်းရေအား လျှပ်စစ်စီမံကိန်းများရပ်တန့် ပေးရန် အလေးအနက်တောင်းဆို တင်ပြအပ်လိုက်ပါသည်။

**ဒေသခံလူထု၏ စိုးရိမ်ပူပန်မှုများ**

၁။ မြန်မာနိုင်ငံ၏ အဓိကအသက်သွေးကြော ဖြစ်သော ဧရာဝတီမြစ်ကြီး၏ မြစ်ဖြားခံရာ မြစ်ဆုံဒေသသည် ကချင်တိုင်းရင်းသားတို့၏ သမိုင်းဝင် ကဗျည်းတင်ရာ မေခမြစ်နှင့် မလိခမြစ် ဆုံဆည်းသော (Mali Nmai Zup Majoi) မလိအင်မိုင်ဇွပ်မဂျွယ်၊ မည်သို့မျှ ပြန်မရနိုင်သောယဉ်ကျေးမှုအမွေအနစ်များ ပျောက်ကွယ် ပျက်စီးဆုံးရှုံးသွားမည် ဖြစ်သည်။

၂။ အင်ဂျန်းယန်မြို့နယ်သည် မေခ၊ မလိခဆုံသော တြိဂံနယ်မြေ ဖြစ်ပြီး ကချင်အခေါ်အဝေါ် Mali Nmai Walawng (မလိအင်မိုင်ဝလောင်) ဟု ခေါ်ဆိုပါသည်။

၃။ ယခင်သမ္မတဦးသိန်းစိန် အစိုးရလက်ထက်မှာ မြစ်ဆုံ၊မြစ်ညာ၊ မြစ်ဝှမ်းရေအားလျှပ်စစ်စီမံကိန်းများကို ရပ်ဆိုင်းထားပြီး ကျွန်တော်တို့ဒေသခံပြည်သူများလည်း ရေရှည်စီမံကိန်းချ၍ စိုက်ပျိုးရေး၊ မွေးမြူရေး အသက်မွေးဝမ်းကြောင်း လုပ်ငန်းများ လုပ်ဆောင်နေပြီးဖြစ်သည်။

၄။ လက်ရှိအစိုးရသစ်လက်ထက်တွင် မြစ်ဆုံရေကာတာနှင့် ပတ်သက်၍ ပြန်လည် ပြောဆိုသည့်အပေါ် ကျွန်တော်တို့ ဒေသခံတိုင်းရင်းသားများ၏ အသက်မွေးဝမ်း ကြောင်းလုပ်ငန်းအပေါ် စိုးရိမ်မကင်းဖြစ်မှုနှင့် စားဝတ်နေရေးအတွက် ကြီးလှန့်စာ စားသလို ဖြစ်နေပါသည်။

၅။ အင်ဂျန်းယန် မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း (၁၃၁) ရွာ၊ အိမ်ခြေ (၈,၀၀၀) ကျော် ရေနစ်မြုပ်သွားမည်ဖြစ်ပြီး၊ လူဦးရေ (၄၀,၀၀၀) ကျော် မိမိဒေသကို စွန့်ခွာ၍ ဆင်းရဲဒုက္ခ နှင့် ပြောင်းရွှေ့ ခံကြရမည် ဖြစ်သည်။

၆။ နိုင်ငံတော်၏ အသီးအပွင့်များ ဖြစ်သော မူလတန်းကျောင်း စုစုပေါင်း (၂၇) ကျောင်း၊ အလယ်တန်းကျောင်း (၉) ကျောင်း၊ အထက်တန်းကျောင်း(၂) ကျောင်း၊ မူကြိုကျောင်း (၆၀) ကျောင်း၊ ယုံကြည်ကိုးကွယ်ရာ ခရစ်ယာန်ဘုရားရှိခိုးကျောင်း (၂၆၂) ကျောင်းနှင့် ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်း (၃) ကျောင်း အပါအဝင် အစိုးရဌာနဆိုင်ရာရုံးများ၊ ပြည်သူ့ကျန်းမာရေးဆေးရုံနှင့် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းများ နစ်နာဆုံးရှုံး သွားမည် ဖြစ်သည်။

၇။ နှစ်ပေါင်းများစွာ မိရိုးဖလာ လုပ်ကိုင်စားသောက်လာခဲ့သော လယ်ယာမြေ၊ ရာသီ ပေါ်သီးနှံဥယာဉ်ခြံမြေများနှင့် နှစ်ရှည်ပင်စိုက်ခင်းများ ရေအောက်နစ်မြုပ်သွားမည် ဖြစ်ပြီး၊ ဒေသခံလူထု၏ အိမ်မွေးတိရိစ္ဆာန်များအတွက် စားကျက်မြေများပျောက်ဆုံး သွား၍ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ထိခိုက်နစ်နာ ဆုံးရှုံးသွားမည်ဖြစ်သည်။

၈။ မြစ်ဆုံ၊ မြစ်ညှာမြစ်ဝှမ်းတစ်လျှောက်ရှိ တန်ဖိုးမဖြတ်နိုင်သော သဘာဝပတ်ဝန်း ကျင်ဆိုင်ရာ သစ်တောများ၊ ဆေးဘက်ဝင်သစ်ဥသစ်ဖုများ၊ ရေပေါ်ရေအောက် သဘာဝအရင်းအမြစ်များ၊ ငါးမျိုးစိတ်များ၊ သားရိုင်းတိရိစ္ဆာန်များ ဆုံးရှုံးပျောက်ကွယ်သွား မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ ပြည်သူများ၏ သဘောထားဆုံးဖြတ်ချက်ဆန္ဒမပါဝင်သော ဧရာဝတီမြစ်ဆုံ၊ မြစ်ညှာ၊ မြစ်ဝှမ်းရှိ ရေအားလျှပ်စစ်စီမံကိန်း အားလုံးကို လုံးဝ(လုံးဝ) ရပ်တန့် ပေးပါရန် ယုံကြည်အားကိုးစွာဖြင့် ဒေသခံပြည်သူများမှ တောင်းဆိုအပ်ပါ သည်။

ရိုသေလေးစားစွာဖြင့်

အင်ဂျန်းယန်မြို့နယ်ဒေသခံပြည်သူလူထုများ

**မှတ်ချက်။** အင်ဂျန်းယန်မြို့နယ်တွင်နေထိုင်သော ဒေသခံတင်ပြတောင်းဆိုသူများ၏ လက်မှတ်ရေးထိုးထားသော အမည်စာရင်းကို ကိုပူးတွဲတင်ပြလိုက်ပါသည်။

မိတ္တူ။

- နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံတော်အတိုင်ပင်ခံရုံး၊ နေပြည်တော်
- ပြည်ထောင်စုဝန်ကြီး၊ ပြည်ထောင်စုလျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ နေပြည်တော်
- ကချင်ပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးချုပ်ရုံး၊ မြစ်ကြီးနားမြို့။
- လက်ခံ